"ပေါက်ဖော်ချစ်ကြည်ရေး"

# "ရွှေလီသို့သွားရောက်ကျောင်းတက်ခြင်း"ရေပန်းစားနေခြင်း

ဒီဇင်ဘာလ (၁၃)ရက်နေ့မှ (၁၈) ရက်နေ့အထိ တရုတ်နိုင်ငံယူနန်ပြည်နယ် တယ်ဟုန်ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ ရွှေလီမြို့မှာ ကျောင်းသားများနံနက်ခင်းပိုင်းတွင် ရွှေလီတွင် ကျောင်းတက်ကာ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်သောမြင်ကွင်းကို သတင်းထောက်က တွေ့ ရှိခဲ့သည်။ ရွှေလီမြို့နှင့် မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် ထိုကဲ့သို့သွားလာကျောင်းတက်ခြင်းသည် ထူးဆန်းသောဖြစ်ရပ်မဟုတ်ပေ။ တရုတ်-မြန်မာ ပညာရေး ပူးပေါင်းဆောင်ရွက်ခြင်းသည် (၁၀)နှစ်ကျော်ပင်ရှိခဲ့ပြီဖြစ်ရာ (၂၀၁၇)ခုနှစ် ဒီဇင်ဘာလ(၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သော "အပြည်ပြည်ဆိုင်ရာကျောင်း"–လန်ချန်မဲခေါင် အပြည်ပြည်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းကြောင့်လည်း "ရွှေလီမြို့သို့သွားရောက်ကျောင်းတက်ခြင်း" ပိုမိုရေပန်းစားလာခဲ့ပါတော့သည်။



ရင်ကျင်မူလတန်းကျောင်း။



ကျယ်ခေါင်နယ်စပ်ဝင်စာဖတ်အသင်း

## ထူးခြားသော "ဘာသာစကား(၃)မျိုးဖြင့် သင်ကြားရေး"

"ကျွန်တော်တို့သည် လှပသော 'တစ်ရွာနှစ်နိုင်ငံ' တွင် နေထိုင်သည်။ တရုတ်-မြန်မာနှစ်နိုင်ငံသည် ရေမြေချင်းဆက်ကာ ချစ်ကြည်ရေးတည်တံ့ခိုင်မြဲသည်။" ဒီဇင်ဘာလ(၁၄)ရက်နေ့နံနက်ရွှေလီမြို့ ရင်ကျင်မူလတန်းကျောင်းမှ သာယာငြိမ့်ညောင်းသော သီချင်းသံများကိုကြားခဲ့ရသည်။ ကျောင်းသားကျောင်းသူများသည် ရင်ကျင်မူလတန်းကျောင်းမှ ကျောင်းသီချင်းကိုသီဆိုကာ ဆောင်းရာသီအားကစားပွဲတော်ကို ကျင်းပနေကြပါသည်။

ရင်ကျင်မူလတန်းကျောင်းတွင် ကျောင်းသား(၁၄၃)ဦးရှိပြီး မြန်မာကျောင်းသားဦးရေမှာ (၅၁)ဦးရှိသည်ဟု ဒုတိယတန်းမှ မြန်မာကျောင်းသူ ရှမ်းမော်က မိတ်ဆက်ပြောပြခဲ့သည်။

ကျောင်းမှလက်ခံသောကျောင်းသားများမှာ ရင်ကျင်တစ်၊ နှစ်အဖွဲ့၊ နန်ရွှေရွာသားများနှင့်ပတ်ဝန်းကျင် မြန်မာကျေးရွာမှ ကျောင်းသားများဖြစ်ကြသည်။ ကျောင်းသားအများစုသည် ကျောင်းစတင်တက်ချိန်တွင် ရှမ်းစကားနှင့်စကားပြောဆိုကြသည်။ ကလေးများ တရုတ်ဖတ်စာစာအုပ်ကို ပိုမိုသိကျွမ်းနားလည်စေရန် အပတ်စဉ်တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တွင် တရုတ်စကား၊ ရှမ်းစကားနှင့် မြန်မာစကားစာသင်ချိန်များ ဖွင့်လှစ်ထားသည်။ "ဘာသာစကား(၃)မျိုးဖြင့်သင်ကြားရေး"သည် ရင်ကျင်မူလတန်းကျောင်း၏ အားသာချက်ဖြစ်သည်ဟု ရင်ကျင်မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးစွန်ကြာလျှန့်က ပြောကြားခဲ့သည်။

## ဂိတ်ဖြတ်လွယ်ကူစေသော "ကျောင်းသားကဒ်"

ရွှေလီကျယ်ခေါင်နှင့် မြန်မာနိုင်ငံမူဆယ်တို့သည် အချင်းချင်းချိတ်ဆက်နေကြပါသည်။ ကျယ်ခေါင်တွင် အလုပ်လုပ်နေသော မြန်မာနိုင်ငံစီးပွားရေးသမားများ၊ အလုပ်သမားများနှင့်နယ်စပ်ဒေသမှကလေးများသည် ကျယ်ခေါင်မူလတန်းကျောင်းများတွင် ကျောင်းတက်ကြသည်။ ကလေးအတော်များများသည် နေ့စဉ်ရွှေလီနယ်စပ်မှ တရုတ်နိုင်ငံအတွင်းသို့ ဖြတ်သန်းသွားလာနေကြသည်။

(၁၀)နှစ်သားကလေးရန်လျှောက်ဝမ်သည်လည်း အဆိုပါကလေးငယ်အုပ်စုမှတစ်ဦးဖြစ်ပြီး နေ့စဉ်ဖြတ်သန်းသွားလာရေးအတွက် "ရွှေလီနယ်စပ်ဖြတ်သန်းသွားလာခွင့် ကျောင်းသားကတ်"ကို ပြရုံဖြင့် ရွှေလီနယ်စပ်မှ နှစ်နိုင်ငံကို အလွယ်တကူဖြတ်သန်းသွားလာနေသည်။

ရွှေလီမြို့တွင် ကျယ်ခေါင်နယ်စပ်ဝင်မူလတန်းကျောင်း၊ ရင်ကျင်နယ်စပ်ဝင်မူလတန်းကျောင်းများ တည်ထောင်ခဲ့ခြင်းမှ ရွှေလီတွင်ကျောင်းတက်သော မြန်မာနိုင်ငံသားများသည် တရုတ်နိုင်ငံသားများနှင့်အတူ ပညာရေးအတူခံစားခွင့်ဆိုင်ရာ မူဝါဒများရရှိခဲ့ကာ နယ်စပ်ဝင်ချစ်ကြည်ရေးကျောင်းများကို တည်ထောင်ခဲ့ကြသည်။ ယခုအချိန်ရွှေလီမြို့တွင် နိုင်ငံကူးကျောင်းတက်ခြင်းသည် လွယ်ကူလှပြီးမထူးဆန်းတော့ပေ။

## အခမဲ့ လေ့လာနိုင်သော "နယ်စပ်ဝင် စာဖတ်အသင်း"

ကျယ်ခေါင်တွင် "နယ်စပ်ဝင်စာဖတ်အသင်း"တစ်ခုရှိသည်။ နေ့စဉ်နံနက်(၇)နာရီမှ ည(၉)နာရီအတွင်း တရုတ်စာနှင့်မြန်မာစာ အခမဲ့မွမ်းမံသင်တန်းရှိသည်။

ဒီဇင်ဘာလ(၁၄)ရက်နေ့ တရုတ်စာမွမ်းမံသင်တန်းတွင် "ရှန့်ရွှင်(လဆန်း)၊ ကျုံးရွှင်(လလယ်)၊ ရှုရွှင်(လကုန်)--" ဟူ၍မြန်မာနိုင်ငံကျောင်းသား(၄၅)ဦးတို့က တရုတ်စကားလုံးအသစ်များကို ဆရာနှင့်အတူ လေ့လာနေသည်။

(၄၈)နှစ်အရွယ်ရှိ ကျမ်းမင်းသည် အဆိုပါသင်တန်းတွင် တရုတ်စာသင်ယူသည်မှာ (၉)လရှိပြီဖြစ်သည်။ သူသည် သေသေချာချာစာရွတ်ဆိုရင်း တရုတ်စာလုံးများရေးသားနေသည်။ "ကျွန်တော် အခုဆိုတရုတ်စကား ပိုနားလည်လာပြီး တရုတ်စကားလုံးတော်တော်များများသိနေပြီ။"ဟု ကျမ်းမင်းက ပျော်ရွှင်အားရစွာပြောပြသည်။ ကျမ်းမင်းသည်ရွှေလီမြို့ ကျယ်ခေါင်တွင် စီးပွားရေးလုပ်နေခြင်းကြောင့် တရုတ်ဧည့်သည်များနှင့် ပိုမိုလွယ်ကူစွာဆက်သွယ်နိုင်ရန် တရုတ်စာကို လေ့လာခြင်းဖြစ်သည်ဟုပြောသွားပါသည်။

နယ်စပ်ဝင်စာဖတ် အသင်းသင်တန်းမှ ဆရာမကျောက်ဟုန်ရှမ်သည် မြန်မာလူမျိုးဖြစ်ပြီး တရုတ်စာနှင့်မြန်မာစာသင်ကြားသည်မှာ (၃)နှစ်ရှိပြီဖြစ်သည်။ သင်တန်းလူအများဆုံးချိန်တွင် စာသင်ချိန်တစ်ချိန် စာသင်ခန်းအပြည့် ကျောင်းသား(၇၀)ရှိကြောင်း မိတ်ဆက်ပြောကြားသွားခဲ့ပါသည်။

"ရွှေလီတွင် ကျောင်းတက်ခြင်း" ဟူသည့် လူတိုင်း၏ရည်ရွယ်ချက်မှာ မတူညီသော်လည်း "ရွှေလီတွင်ကျောင်းတက်ခြင်း" အချိန်တွင် "မြစ်ရေတစ်ခုတည်းသောက်ကာ ကံကြမ္မာချင်းဆက်နေသော" ပေါက်ဖော်ချစ်ကြည်ရေးကို အတူခံစားခဲ့ရပြီဖြစ်သည်။

သတင်းထောက် ကွမ်းရှီယူရို့ လီဝန်ကျွင်း

# (၂၀၁၇)ရှမ်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းအပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကိုကူမင်းတွင်ကျင်းပ

## လူဦးရေ (၁.၆)သောင်းရှိသော တရုတ်နှင့် နိုင်ငံခြားသားပြိုင်ပွဲဝင်များ တျန်းချီကန်တစ်လျောက်တွင် အပြေးပြိုင်ကြ



(၂၀၁၇)ခုနှစ် ဒီဇင်ဘာလ(၃၁) ရက်နေ့တွင် "ယူနန်ဆားလုပ်ငန်း-(၂၀၁၇) ရှမ်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းအပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ"ကို ကူမင်းမြို့တျန်းချီကန်တစ်လျောက်တွင် ပြိုင်ပွဲစတင်ခဲ့သည်။ လူ(၁.၆)သောင်းရှိသော ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အလွန်စည်ကားသိုက်မြိုက်သော မြင်ကွင်းဖြစ်လာခဲ့သည်။

ယခုအကြိမ်ပြိုင်ပွဲသည် ရှမ်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲမှ ဒုတိယအကြိမ်ကူမင်းမြို့တွင် ကျင်းပသောပြိုင်ပွဲဖြစ်သည်။ "နွေဦးရာသီမြို့တော်မှာ ပျော်ရွှင်စွာပြေးရင်း ပိုမိုရင်းနှီးကြပါစို့"၊ "စံချိန်သစ်ထိုးဖောက်ကာအိပ်မက်အကောင်အထည်ဖော်သော ရောင်စုံယူနန်" ဟူသောခေါင်းစဉ်များဖြင့် မာရသွန်၊ မီနီမာရသွန်၊ အများပြည်သူကျန်းမာရေးမာရသွန်နှင့် မိသားစုမာရသွန်ဟူသော အစီအစဉ်(၄)ခုရှိပါသည်။

ကာဂျစ္စတန်မှ ပြိုင်ပွဲဝင်အာတီလီသည် မာရသွန်ပြိုင်ပွဲတွင်(၂)နာရီ(၂၃) မိနစ်(၂၀)စက္ကန့်ဖြင့် အမျိုးသားအဖွဲ့မှ ပထမဆုရရှိခဲ့သည်။ တရုတ်နိုင်ငံပြိုင်ပွဲဝင်များဖြစ်သော ရန်ရှောက်ဟွေးနှင့် ချိန်ကော်ကျွင့်သည် ဒုတိယဆုနှင့် တတိယဆုကိုရရှိခဲ့သည်။ မီနီမာရသွန် အမျိုးသမီးအဖွဲ့မှ ပထမ၊ ဒုတိယ၊ တတိယဆုကို တရုတ်နိုင်ငံမှ ပြိုင်ပွဲဝင်များဆုဆွတ်ခူးရယူခဲ့ကြသည်။ ယူနန်ပြိုင်ပွဲဝင်ကျန်းတယ်ရွှင်သည် (၁)နာရီ(၁၅)မိနစ်(၂၁)စက္ကန့်ဖြင့် ပထမဆု၊ ယူနန်ပြိုင်ပွဲဝင် ဖန်ကျင်းလီသည် ဒုတိယဆု၊ အခြားတစ်ဦးမှာ တရုတ်ပြိုင်ပွဲဝင်လုံရှန့်နန်ဖြစ်ပြီး တတိယဆုရရှိခဲ့သည်။

သတင်းထောက် ကျူးချန့်မှ
ရိုက်ကူးသတင်းရေးသားသည်